# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

February 28, 2020 Volume 28, Number 19


| | |
|---|---|
| ၂၈.၂.၂၀၂၀ | |
| ကမ္ဘာ့ရွှေဈေး | = ၁၆၃၂/-US$ |
| မြန်မာ့ရွှေဈေး | = ၁၂၃၈၅၀၀/- ကျပ် |
| ဒေါ်လာဈေး | = ၁၄၃၅/- ကျပ် |
| CBM Rate | = ၁၄၃၄.၃ /ကျပ် |
| ယူရို တစ်ယူရို | = ၁၅၈၂.၂ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၀၂၈.၄ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၈၄၆.၁ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၃၂၀.၀ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၉၃၇.၂၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၀၅.၂၈ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၁၉.၉၀၀ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၁၈.၅၉ ကျပ် |
| မလေးရှားရင်းဂစ် | =၃၄၀.၁၂ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၅.၃၄၆ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## COVID-19 ကြောင့် စီးပွားရေးထိခိုက်မှုများရှိပါက လေ့လာသုံးသပ်တင်ပြရန် စီးပွားကူးသန်းဝန်ကြီးညွှန်ကြား



COVID-19 ကြောင့် ကုန်သွယ်ရေးအပါအဝင် စီးပွားရေးထိခိုက်မှုကြုံလာပါက စားသုံးသူရေးရာဦးစီးဌာန တိုင်းဦးစီးများက လေ့လာသုံးသပ်တင်ပြရန် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်ကပြောသည်။ ဖေဖော်ဝါရီ ၂၆ ရက်က နေပြည်တော်စီးပွားကူးသန်းဝန်ကြီးဌာနတွင် တိုင်းနှင့်ပြည်နယ် စားသုံးသူရေးရာဦးစီးဌာန တိုင်းဦးစီးများနှင့်တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ပြောကြားခဲ့သည်။ “တိုင်းနဲ့ပြည်နယ်ထဲမှာရှိတဲ့ ပြည်ပပို့နေတဲ့ သစ်သီးဝလံတွေ၊ ပန်းမန်တွေရဲ့ ဈေးကွက်အခြေအနေနဲ့ပတ်သက်ပြီး သုံးသပ်ခိုင်းတာပေါ့” ဟု စားသုံးသူရေးရာဦးစီးဌာန ပြောရေးဆိုခွင့်ရှိသူ ဦးဆွေတင့်ကြူးက ပြောသည်။

COVID-19 ကြောင့် ပြည်ပတင်ပို့ကုန်ပစ္စည်းများ ဈေးကွက်အခက်အခဲကြုံတွေ့ပါက သက်ဆိုင်ရာတိုင်းနှင့်ပြည်နယ်ဦးစီးမှူးများက ဝန်ကြီးဌာနသို့ တင်ပြရေး ပြည်ထောင်စုဝန်ကြီးက မှာကြားခြင်းဖြစ်သည်။ တရုတ်နိုင်ငံကို မှီခိုနေရသော အထည်အလိပ်၊ အထည်ချုပ်လုပ်ငန်းဆက်စပ်ကုန်ကြမ်းပစ္စည်းပြတ်လပ်မှု ရင်ဆိုင်နေရ၍ အထည်ချုပ်လုပ်ငန်းရှင်များအသင်းနှင့် နှစ်ပတ်အတွင်းအစည်းအဝေးပြုလုပ်မည်ဟု စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန လက်ထောက်အတွင်းဝန် ဦးခင်မောင်လွင် က ပြောကြားထားသည်။

လက်ရှိတွင် COVID-19 ကြောင့် မြန်မာနိုင်ငံ၏ကုန်သွယ်ရေးကဏ္ဍ၌ အထည်ချုပ်ကုန်ကြမ်းများတင်သွင်းမှု အခက်အခဲ၊ ဖရဲ၊ သခွားမွေးစိုက်ပျိုးထုတ်လုပ်သူ တောင်သူများဈေးကွက်ပျောက်ဆုံးမှုအခက်အခဲ၊ ပြည်ပရေထွက်ကုန်တင်ပို့မှု အခက်အခဲများ ကြုံတွေ့နေရသည်။ တရုတ်နှစ်သစ်ကူးပိတ်ရက်နှင့် COVID-19 ကြောင့် မြန်မာ-တရုတ်နယ်စပ်ကုန်သွယ်ရေးတွင် သုံးပတ်အတွင်း ကုန်သွယ်မှုတန်ဖိုး ဒေါ်လာသန်း ၂၀၀ ကျော်လျော့နည်းခဲ့ကြောင်း ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က ဖေဖော်ဝါရီ ၂၂ ရက်တွင်ပြောသည်။ မူဆယ်၊ ချင်းရွှေဟော်၊ ကန်ပိုက်တီးနှင့်လွယ်ဂျယ်တို့မှ ပို့ကုန်ဒေါ်လာသန်း ၁၅၀ ကျော်နှင့် သွင်းကုန်ဒေါ်လာသန်း ၅၀ ကျော် လျော့နည်းခဲ့သည်။

**Source:** https://7day.news/detail?id=180014

## အထည်ချုပ်ကုန်ကြမ်းပစ္စည်းများ တရုတ်နိုင်ငံမှ ပြန်လည်ဝင်ရောက်လာဟုဆို

တရုတ်နိုင်ငံမှ ကုန်ကြမ်းပစ္စည်းများ ပြန်လည်ဝင်ရောက်လာ၍ လုပ်ငန်းလည်ပတ်မှု မထိခိုက်စေရေးဆိပ်ကမ်းမှ မြန်ဆန်စွာထုတ်ယူနိုင်ရန် အစိုးရက ကူညီဆောင်ရွက်ပေးရေး အထည်ချုပ်လုပ်ငန်းရှင်အချို့က တောင်းဆိုသည်။ COVID-19 ကြောင့် ဇန်နဝါရီကတည်းက တရုတ်မှ ကုန်ကြမ်းပစ္စည်းတင်သွင်းမှု ပြတ်လပ်သဖြင့် စက်ရုံလုပ်ငန်းအချို့လုပ်ငန်း ဆက်လက်လည်ပတ်နိုင်ခြင်းမရှိဘဲ အချိန်ပိုခေါ်ယူမှုရပ်ဆိုင်းခြင်း၊ စက်ရုံယာယီပိတ်ခြင်း၊ လုပ်သားအင်အားလျှော့ချခြင်းတို့ ပြုလုပ်ခဲ့သည်။ ယခု တရုတ်နိုင်ငံမှ ကုန်ကြမ်းပစ္စည်းများကို ပြန်လည်တင်ပို့လာသဖြင့် လုပ်ငန်းများဆက်လက်လည်ပတ်နိုင်သည့် အခြေအနေသို့ ရောက်ရှိလာသည်ဟု အထည်ချုပ်လုပ်ငန်းရှင်အချို့ကဆိုသည်။ "တချို့ကျတော့လည်း လေ ကြောင်းနဲ့တင်လာပြီ။ တချို့ကျတော့လည်း ဘော်ဒါ (နယ်စပ်) ကနေ တင်လာတယ်။ တရားဝင်ဖြစ်တဲ့ဟာမှန်သမျှကို နိုင်ငံတော် အကြီးအကဲတွေက ဒီမှာရှိတဲ့သူတွေ ဒုက္ခမရောက်အောင် လွယ်လွယ်ကူကူလုပ်ပေးဖို့ပဲ။ မှန်ကန်မှုကို စိစစ်ရင်ရပြီပေါ့။ လွယ် လွယ်ကူကူ ခွင့်ပြုပေးလိုက်ရင် ဒီမှာရှိတဲ့စက်ရုံတွေ အသက်ဆက်သွားမှာပေါ့"ဟု အထည်ချုပ်လုပ်ငန်းရှင် ဦးအေးသောင်းကပြောသည်။

လက်ရှိတွင် ရေကြောင်းမှ ဝင်ရောက်လာသည့် ကုန်ကြမ်းများထုတ်ယူရန် အချိန်ကြာမြင့်နေသဖြင့် လုပ်ငန်းလည်ပတ်ရန် ခက်ခဲသည့် အနေအထားရှိနေသည်ဟု လှိုင်သာယာစက်မှုဇုန်မှ အထည်ချုပ်လုပ်ငန်းရှင်တစ်ဦးကဆိုသည်။ "မြန်မြန်ဆန်ဆန် ကုန်ကြမ်းတွေရောက်လာမှပဲ လုပ်ငန်းတွေက ရှေ့ဆက်လို့ရမှာ။ တာဝန်ရှိသူတွေရဲ့ အကူအညီကအရေးပါတယ်" ဟု ၎င်းက ပြောသည်။ ထိုသို့ ကုန်ကြမ်းပြတ်လပ်မှုကို အထည်ချုပ်စက်ရုံသာမကပဲ ဖိနပ်၊ အိတ်စသည့် ပစ္စည်းများထုတ်လုပ်သည့် စက်ရုံအားလုံးကြုံတွေ့ရခြင်းဖြစ်သည်။

အဆိုပါ အခက်အခဲများကြောင့် စက်ရုံများပိတ်သိမ်းခြင်းမပြုလုပ်ရန်နှင့် လုပ်သားလျှော့ချခြင်း တတ်နိုင်သမျှမပြုလုပ်ရန် အလုပ်ရှင်များအား မေတ္တာရပ်ခံနေရကြောင်း အလုပ်သမားခေါင်းဆောင်အချို့ကပြောသည်။ "အလုပ်ရှင်တွေရဲ့ အခက်အခဲကိုလည်း နားလည်ပါတယ်။ ကျွန်တော်တို့ အလုပ်သမားတွေ အလုပ်လက်မဲ့မဖြစ်အောင်လို့လည်း ကြားထဲကတောင်းဆိုပေးနေရတာပေါ့။ ကုန်ကြမ်းတွေ ပြန်ဝင်လာရင်တော့ အားလုံး အသက်ရှူပြန်ချောင်သွားမယ်ထင်တယ်" ဟု မြန်မာနိုင်ငံစက်မှုလက်မှုနှင့်ဝန်ဆောင်မှုလုပ်ငန်းပေါင်းစုံ အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ် အလုပ်အမှုဆောင် ဦးထွန်းဝေကပြောသည်။

**Source:** https://7day.news/detail?id=180013

## ထိုင်းနိုင်ငံကို ပြောင်းဆန်တင်ပို့မှုအခက်အခဲ စီးပွားကူးသန်းဝန်ကြီးဌာနနဲ့တွေ့ဆုံ

ထိုင်းနိုင်ငံကို ပြောင်းဆန်တင်ပို့ရာမှာ အခက်အခဲ တွေ ဖြေရှင်းနိုင်ဖို့ မြန်မာနိုင်ငံစီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနဝန်ကြီးနဲ့တွေ့ဆုံတင်ပြခဲ့ကြောင်း မြန်မာနိုင်ငံပြောင်းလုပ်ငန်းအသင်းကသိရပါတယ်။ ထိုင်းနိုင်ငံကို မြန်မာ့ပြောင်းဆန်တွေ ဖေဖော်ဝါရီလ ၁ ရက်နေ့ကစတင်ပြီး အခွန်ကင်းလွတ်ခွင့်နဲ့ တင်ပို့နေတာပါ။ လက်ရှိတင်ပို့ရာမှာ မြဝတီ နယ်စပ်မှာ ကြုံတွေ့နေရတာတွေ၊ လုပ်ထုံးလုပ်နည်းတွေကြောင့် အဆင်မပြေတာတွေကို ဖေဖော်ဝါရီလ ၂၄ ရက်နေ့က မြန်မာနိုင်ငံ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးနဲ့တွေ့ဆုံခဲ့တယ်လို့ အသင်းအတွင်းရေးမှူး ဦးသန့်ဇင်ထွန်းကပြောပါတယ်။ သူက "အခက်အခဲတွေကိုလဲ တင်ပြခဲ့တော့ ဝန်ကြီးအနေနဲ့ဖြေရှင်းပေးခဲ့ပါတယ်၊ အခက်အခဲက ထိုင်းကလဲ အရင်နှစ်တွေလို မဟုတ်ဘူး၊ ဒီနှစ်မှာ အရောင်းအဝယ်တင်းကျပ်တယ်၊ ပစ္စည်းနည်းနည်းစစ်ပြီးဝယ်တယ်၊ ဈေးနည်းနည်းကိုင်တယ်၊ပြီးတော့

ထိုင်းပို့ဖို့ မြဝတီကိုရောက်ပြီးသား ပြောင်းတွေပုံစံထုတ်တဲ့အချိန်မှာ ကြန့်ကြာနေတာ၊ အဲဒီကိစ္စကိုလဲ ဝန်ကြီးအနေနဲ့ အောက်ခြေကိုချက်ချင်းမေးပြီး လိုအပ်တာတွေညွှန်ကြားပေးခဲ့တယ်၊ ကြန့်ကြာနေတာတွေရှိရင်လဲ ဘာကြောင့်လဲ၊ ဘယ်လိုဖြစ်တာလဲဆိုတာတွေကို တင်ပြဖို့ပြောပါတယ်" လို့ ပြောပါတယ်။

လက်ရှိမှာ မြန်မာ့ပြောင်းဆန်က တရုတ်နိုင်ငံကိုတင်ပို့ရောင်းချမှုထက် ရန်ကုန်မှတစ်ဆင့် ထိုင်းကိုတင်ပို့တဲ့ ပြောင်းဆန်ကားတွေပိုများနေတာကြောင့် ပြောင်းဆန်စျေးနှုန်း အနည်းငယ်ကျဆင်းလာပြီး အရောင်းအဝယ်အေးလာတယ်လို့သိရပါ တယ်။ ပြီးခဲ့တဲ့ဇန်နဝါရီလကတည်းကစတင်ပြီး ထိုင်းနိုင်ငံကိုတင်ပို့ဖို့ မြန်မာ့ပြောင်းဆန်တွေကိုမြဝတီဂိုဒေါင်မှာ ကြိုတင်ဝယ်ယူသိုလှောင်ထားတာဖြစ်ပါတယ်။ မြန်မာ့ပြောင်းဆန်တွေကို ပထမ ဆုံးအကြိမ်အဖြစ် တစ်နှစ်ပတ်လုံးဝယ်ယူဖို့ MOU လက်မှတ်ရေးထိုးဖို့ရှိပေမဲ့ထိုင်းနိုင်ငံက ပြောင်းစိုက်တောင်သူတွေက ကန့်ကွက်နေတာကြောင့် MOU လက်မှတ်မရေးထိုးနိုင်သေးဘူးလို့ သိရပါတယ်။

**Source:** https://www.kumudranews.com/news-37335?fbclid=IwAR0uVw7si2D7Dzp-E723X43 bQ q0txABcqwoHn FghHpkkib5eiiWLQ2piZp4

## ဆောင်းသီးနှံပေါ်ချိန် ကုလားပဲစျေးထပ်ကျသဖြင့် တောင်သူများတွက်ခြေမကိုက်

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့ နယ်အတွင်း ဆောင်းကုလားပဲသီးနှံထွက်ရှိချိန် တွင် ကုလားပဲသီးနှံစျေးနှုန်းများ ထပ်မံကျဆင်း နေသဖြင့် ကုလားပဲစိုက်တောင်သူများ တွက်ခြေ မကိုက်ဖြစ်နေကြောင်း မင်းဘူးမြို့ရှိ သီးနှံပွဲရုံများမှသိရသည်။ ယခင်နှစ်က ကုလားပဲသီးနှံထွက်ရှိချိန် တစ်တင်းလျှင် ကျပ် ၃၂,၀၀၀ ဝန်းကျင်စျေးရှိခဲ့ပြီး ယခုထွက်ရှိချိန်တွင် တစ်တင်းလျှင် ကျပ် ၂၅,၀၀၀ စျေးသာရှိကြောင်းသိရသည်။ "ယခု ဆောင်းသီးနှံစုံပေါ်ချိန်မှာ သီးနှံစျေးတွေ ဆက်တိုက်ကျဆင်းနေပါတယ်။ ယခုနှစ်ပိုင်းမှာ အိန္ဒိယဘက်ကလည်း ပဲမျိုးစုံအမှာမရှိသလို တရုတ်ဘက်ကိုလည်း ပို့လို့မရတာကြောင့် သီးနှံစျေးတွေ တဖြည်းဖြည်းကျဆင်းခဲ့တာပဲဖြစ်တယ်။ ကုလားပဲစျေးဆို ပြီးခဲ့တဲ့လပိုင်းက တစ်တင်းကို ကျပ် ၂၈,၀၀၀ စျေးရှိခဲ့ပြီး အခုရက်ပိုင်းမှာ တစ်တင်းကို ကျပ် ၂၅,၀၀၀ အထိ ကျဆင်းလာခဲ့ပါတယ်"ဟု မင်းဘူးမြို့ရှိ ဝင်းရတနာသီးနှံပွဲရုံပိုင်ရှင် ဒေါက်တာဝင်းမျိုးသန့်ကပြောသည်။



မင်းဘူး(စကု)မြို့နယ်အတွင်း ကုလားပဲ၊ နေကြာ၊ ပဲကြီး စသည့်သီးနှံများကို ဆောင်းကာလတွင် ကြားသီးနှံအဖြစ် စိုက်ပျိုးကြပြီး မြို့နယ်အတွင်း ကုလားပဲသီးနှံကို စိုက်ဧကပေါင်း ၁၉၆၀၂ ဧက စိုက်ပျိုးခဲ့ကြောင်း မင်းဘူး (စကု) မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးသိန်းနိုင်ဝင်းထံမှသိရသည်။ "မိုးစပါးတွေရိတ်သိမ်းပြီး ဆောင်းအဝင်ကာလမှာ မြေကိုအလကားမထားဘဲ ကုလားပဲသီးနှံ နှစ်ဧကခွဲလောက် ကြဲပက်ပြီးစိုက်ခဲ့တယ်။ ကျွန်တော်တို့စိုက်ပျိုးချိန်က တစ်တင်းကို ကျပ် ၂၅၄၀၀၀ စျေးနဲ့ရောင်းခဲ့ရတယ်။ ကုန်ကျစရိတ်နဲ့ တွက်ရင် ဘယ်လိုမှတွက်ခြေမကိုက်ပါဘူး"ဟု မင်းဘူး (စကု) မြို့နယ် ကျောက်စံကျေးရွာမှ တောင်သူဦးသန်းလွင်ကပြောသည်။ "ကုလားပဲတစ်ဧကစိုက်ကို ကုလားပဲမျိုး နှစ်တင်းလောက်ကြဲပက်ရတယ်။ ပေါင်းထိုးစရိတ်၊ ပိုးသတ်ဆေးဖိုး၊ ဆေးပက်ခ၊ အလုပ်သမားစရိတ်တွေနဲ့ဆို တစ်ဧကကို ကျပ်နှစ်သိန်းကျော်ကုန်ကျပါတယ်။ သီးနှံပေါ်ပြီဆို စျေးတွေကကျ၊ ထွက်ရှိတဲ့တင်းနဲ့ဆို အရင်းလောက်ပဲရပါတယ်"ဟု ၎င်းကဆက်ပြောသည်။

**Source:** https://myanmar.mmtimes.com/news/135948.html

## ဖရဲသီးတင်ပို့မှု ကန်ဒေါ်လာသန်း ၅၀ ခန့်နစ်နာ၊ လျာထားချက်ပြည့်မီမည်မဟုတ်

တရုတ်နယ်စပ်သို့ ဖရဲမတင်ပို့နိုင်ခြင်းကြောင့် အမေရိကန်ဒေါ်လာ သန်း ၅၀ ဖိုးခန့်နစ်နာခဲ့ပြီး ယခုဘဏ္ဍာနှစ် တင်ပို့မှုလျာထားချက် ပြည့်မီတော့မည်မဟုတ်ဟု မြန်မာနိုင်ငံ ဖရဲ၊ သခွားမွေး စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်းဥက္ကဌ

ဦးနိုင်ဝင်းက မြန်မာတိုင်း(မ်)ကို ပြောသည်။ "အမေရိကန်ဒေါ်လာ သန်း ၅၀ လောက်တော့ နစ်နာဆုံးရှုံးမှုရှိသွားပြီ။ သခွားမွေးက တင်ပို့ပြီး ဈေးနည်းနည်းရတယ်။ ဖရဲက လုံးဝပြန်မရဘူး"ဟု ၄င်းကပြောသည်။ ယခုကာလသည် ပုံမှန်တစ်ရက်လျှင် ကားအစီးရေ ၅၀၀ မှ ၆၀၀ ထိ တင်ပို့ရမည်ဖြစ်သော်လည်း ၃၀၊ ၄၀ သာ တင်ပို့ရသည့်အတွက် နစ်နာမှုများဖြစ်ပေါ်လျက်ရှိသည်။

တရုတ်နိုင်ငံတွင် ဖြစ်ပွားနေသော ကိုရိုနာဗိုင်းရပ်စ်ကြောင့် မြန်မာနိုင်ငံနှင့် တရုတ်အကြား ကုန်သွယ်မှုထိခိုက်ခဲ့ရပြီး နယ်စပ်ကုန်သွယ်မှုတွင် အဓိကတင်ပို့နေသော ဖရဲသီးများ ရာသီချိန်တင်ပို့မှုကို များစွာထိခိုက်ခဲ့ခြင်းဖြစ်သည်။ သို့သော် လက်ရှိ မူဆယ်နယ်စပ်ရှိ ဖရဲသီးရောင်းဝယ်ရေးသည် တရုတ်ဝယ်လက်များပြန်ရှိလာကာ ယခင် ၅၀ ခန့်သာရှိရာမှ ယခု ၂၀၀ ကျော်ရှိလာပြီဖြစ်သဖြင့် ဈေးကွက်ပြန်ဖြစ်လာတော့မည်ဟု ဦးနိုင်ဝင်းကပြောသည်။ "ဈေးကွက်က ပြန်ဖြစ်လာတော့မှာပါ။ သူတို့ရဲ့ လမ်းပန်းဆက်သွယ်ရေးနဲ့ စားသောက်ဆိုင်၊ ဟိုတယ်တို့ချင့်ချိန်နေတာ။ အခုတောင် အရင်ရက်နဲ့စာရင် ဝယ်လာပြီ။ မကြာခင်မှာ ပြန်ကောင်းဖို့လက္ခဏာရှိပါတယ်"ဟု ၄င်းက ဆိုသည်။

ဖရဲသီးရာသီချိန် တင်ပို့မှုကာလသည် မေလပိုင်းအထိသာရှိတော့သည့်အတွက် ၂၀၁၉-၂၀ ဘဏ္ဍာနှစ် ဖရဲသီးတင်ပို့မှု လျာထားချက်ကို ထိခိုက်မည်ဟု ဦးနိုင်ဝင်းကပြောသည်။ "ကျွန်တော်တို့ ဖရဲတင်ပို့မှုက တန်ချိန်ရှစ်သိန်းလျာထားတာ။ အခုမှ သုံးသိန်းကျော်ပဲ တင်ပို့နိုင်သေးတယ်။ ဒီဘဏ္ဍာနှစ် လျာထားချက်က ထိခိုက်မှာသေချာပါတယ်။ ပြီးတော့ သခွားမွေး တန်ချိန်ပေါင်း ၄၀,၀၀၀ ကျော်သာ တင်ပို့နိုင်သေးလို့ အများကြီးတင်ပို့ဖို့ ကျန်နေသေးတယ်"ဟု ၄င်းက ပြောသည်။ ၂၀၁၈ ခုနှစ်၊ နှစ်ကုန်ပိုင်းကလည်း ဖရဲ၊ သခွား အဓိကဝင်ပေါက်ဖြစ်သည့် တရုတ်နယ်စပ်ရှိ ကျင့်စန်းကျော့ဂိတ်ကို နှစ်ပတ်ကျော်ကြာ ပိတ်ပင်ခဲ့မှုကြောင့် ဖရဲသီးတင်ကားများ ထောင်ချီ၍ နယ်စပ်တွင် ပိတ်နေခဲ့ပြီး ထိခိုက်ဆုံးရှုံးမှုများစွာ ဖြစ်ပေါ်ခဲ့ဖူးသည်။

၂၀၁၈-၁၉ ခုနှစ်တွင် ဖရဲသီးတင်ပို့မှုသည် တန်ချိန် ၇၄၈,၄၇၂ ၊ ကန်ဒေါ်လာ ၆၆ ဒသမ ၄၅ သန်းဖိုး တင်ပို့ခဲ့ပြီး ကျင်းစန်းကျော့ ကုန်သွယ်ရေးလမ်းကြောင်းပိတ်ခဲ့သည့်ဖြစ်စဉ်ကြောင့် အနည်းငယ်လျော့ကျခဲ့သည်ဟု ၄င်းကဆိုသည်။ မြန်မာနိုင်ငံ ဖရဲ၊ သခွားမွေးစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း စာရင်းအရ ပြီးခဲ့သောနှစ်တွင် သခွားမွေး ၁၅၈,၀၆၉ တန် တင်ပို့ခဲ့ရာ ကန်ဒေါ်လာ ၃၂ ဒသမ ၂၃ သန်းရရှိခဲ့သည်။

**Source:** https://myanmar.mmtimes.com/news/135917.html

## မူဆယ် ၁၀၅ မိုင် နယ်စပ်ကုန်သွယ်ရေးဇုန်ရှိ သစ်သီးဝလံဈေးကွက်တွင် ဖရဲ၊ သခွားရောင်းဝယ်မှု ပုံမှန်နီးပါး ပြန်ဖြစ်လာပြီး တရုတ်နိုင်ငံဘက်မှ ဝယ်လက်များ ယခင်လထက် ပိုမိုဝင်ရောက်လာ



မြန်မာနိုင်ငံ အလယ်ပိုင်းဒေသထွက် ဖရဲ၊ သခွားများ၏ အဓိကဈေးကွက်တစ်ခုဖြစ်သည့် မူဆယ် ၁၀၅ မိုင် နယ်စပ်ကုန်သွယ်ရေးဇုန်တွင် ယခုရက်ပိုင်းအတွင်း တရုတ်နိုင်ငံမှ ဝယ်လက်အများအပြား လာရောက်ကာဝယ်ယူလျက်ရှိနေပြီဖြစ်ကြောင်းသိရသည်။ တရုတ်နိုင်ငံအတွင်း စတင်ဖြစ်ပွားခဲ့သော ကိုရိုနာဗိုင်းရပ်ရောဂါပိုး ဂယက်ကြောင့် မူဆယ် ၁၀၅ မိုင် နယ်စပ်ကုန်သွယ်ရေးဇုန်အတွင်းရှိ သစ်သီးဝလံကုန်စည်ဈေးကွက်တွင် ဖရဲ၊ သခွားဈေးကွက် ပျက်လုနီးနီး အခြေအနေထိဖြစ်ပွားခဲ့ပြီး၊ ယခုရက်ပိုင်းတွင်မှ ဈေးကွက်ပြန်လည် အားကောင်းလာခဲ့ခြင်း ဖြစ်ကြောင်းသိရသည်။ “အခုက သစ်သီးဈေးကွက်ထဲကို တစ်ရက်ကို ဖရဲ၊ သခွားသီးတင်ယာဉ် စီးရေနှစ်ရာကျော်လောက်ထိဝင်နေပါပြီ။ အရင်လို ပုံမှန်ဆိုရင် ဒီအချိန်က ဖရဲ၊ သခွားကားက တစ်ရက်ကို စီးရေခြောက်ရာ၊ ခုနစ်ရာဝင်တဲ့ အချိန်ပေါ့။ တရုတ်မှာ ဖြစ်နေတဲ့ ဝူဟာန်ဗိုင်းရပ်စ်ဂယက်ကြောင့် အရင်လ တစ်လလုံး အရောင်းအဝယ်မဖြစ်သလောက်နီးပါးထိဖြစ်ခဲ့တယ်။ အခုရက်ပိုင်းအတွင်းမှာတော့ တရုတ်ဝယ်လက်တွေလည်း

တော်တော်များများ ပြန်ဝင်လာတယ်” ဟု မူဆယ် ၁၀၅ မိုင် နယ်စပ်ကုန်သွယ်ရေးဇုန်ရှိ သစ်သီးဝလံကုန်စည်ဒိုင်မှ ဒေါ်ရီရီခိုင်က ပြောကြားသည်။

ထိုသို့ ဖရဲသီးကားအများအပြား ပြန်လည်ဝင်ရောက်လာသော်လည်း အစေ့မှည့်ဖရဲမှာ ဈေးကွက်အတွင်း ဝယ်ယူမည့်သူ မရှိကြောင်းသိရသည်။ “အစေ့မဲ့ဖရဲကတော့ ဖရဲဈေးကွက်ထဲမှာ အရောင်းအဝယ်မဖြစ်ဘူး။ စိတ်အထင်တော့ ဒီအစေ့မဲ့ဖရဲကို အဓိကစားသုံးနေတဲ့ တရုတ်ပြည်ထဲက ပြည်နယ်တွေမှာ ကုန်စည်ရောင်းဝယ်ဖြတ်သန်းသွားလာလို့ မရသေးလို့ထင်တယ်။ အစေ့မဲ့က ဖရဲသီးထဲမှာ ဈေးအမြင့်ဆုံးဆိုတော့ ကုန်သည်တွေကဝယ်ပြီး မဖြန့်နိုင်ဘူးဆိုရင် ဆုံးရှုံးမှုများမှာဆိုတော့ အရောင်းအဝယ် သိပ်မဖြစ်တဲ့သဘောဖြစ်နေတယ်” ဟုသစ်သီးကုန်သည်တစ်ဦးဖြစ်သူ ကိုစိုင်းအွမ်ကပြောကြားသည်။ “တရုတ်ဘက်က COVID-19 ရောဂါထိန်းချုပ်နိုင်မှု စွမ်းဆောင်နိုင်ရည်မြင့်လာပါပြီ။ ရောဂါပျောက်ကင်းသူ ဦးရေမြင့်တက်၊ ကူးစက်နှုန်း၊ သေဆုံးနှုန်းကျဆင်းသွားပါပြီ။ ဒါကဈေးကွက်ပြန်လည် ဖော်ဆောင်နိုင်ခြေအတွက် အားတက်စရာပါ။ တရုတ်ဘက်က ဝယ်လက်တွေ ၈၀ ရာခိုင်နှုန်းကျော် လာရောက်နေပါပြီ” ဟု ခွာညိုသစ်သီးပွဲရုံ၏ လူမှုကွန်ရက်စာမျက်နှာတွင် ဖော်ပြထားသည်။

မူဆယ် ၁၀၅ မိုင် နယ်စပ်ကုန်သွယ်ရေးဇုန် သစ်သီးဝလံဈေးကွက် အတွင်းသို့ ဖေဖော်ဝါရီ ၂၂ ရက်မှစတင်ကာ ဖရဲ၊ သခွား တင်ယာဉ် တစ်ရက်လျှင် စီးရေ ၂၀၀ ကျော် ပုံမှန်ဝင်ရောက်ရောင်းချနေပြီဖြစ်ပြီး ဖေဖော်ဝါရီ ၂၇ ရက်တွင် ဖရဲ ၁၃၄ စီး၊ သခွားမွှေး ၁၃၀ စီး စုစုပေါင်း ၂၇၁ စီးလာရောက် ရောင်းချခဲ့သည့်အနက် ၂၅၆ စီး အရောင်းအဝယ်ဖြစ်ခဲ့ကြောင်းသိရသည်။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ဇန်နဝါရီလ ၂၄ ရက်နေ့ထိ မြန်မာနိုင်ငံ၏ နယ်စပ်ကုန်သွယ်မှုပမာဏ ဒေါ်လာ ၃၂၈၃ ဒသမ ၅၇၉ သန်း ရရှိခဲ့ပြီး မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်ရေးစခန်းလေးခုမှ ကုန်သွယ်မှုဒေါ်လာ ၂၀၉၉ ဒသမ ၄၁၂ သန်းအထိရှိခဲ့ကာ မူဆယ်နယ်စပ်ကုန်သွယ်ရေးမှ ဒေါ်လာ ၁၇၁၇ ဒသမ ၉၅၄ သန်းအထိ ကုန်သွယ်မှုပြုလုပ်ထားနိုင်ခဲ့ကြောင်းသိရသည်။

**Source:** https://news-eleven.com/article/161592

## ပခုက္ကူကြက်သွန်ဈေးကွက်အတွင်း ဝယ်လက်နည်းပါးသွားသည့်အတွက် ဈေးနှုန်းသိသာစွာကျဆင်းသွားပြီး လက်ရှိတွင် ကြက်သွန်တစ်ပိဿာအမြင့်ဆုံး ကျပ် ၇၀၀ ဝန်းကျင်သာ ပေါက်ဈေးရှိ



ပခုက္ကူကြက်သွန်ဈေးကွက်အတွင်း ယခုဖေဖော်ဝါရီ ကုန်ပိုင်းတွင် ဝယ်လက်နည်းပါးသွားသည့်အတွက် ကြက်သွန်ဈေးနှုန်း သိသာစွာကျဆင်းသွားပြီး လက်ရှိတွင် တစ်ပိဿာအမြင့်ဆုံး ကျပ် ၇၀၀ ဝန်းကျင်သာ ပေါက်ဈေး ရှိကြောင်း ကုန်သည်များထံမှသိရသည်။ ပြီးခဲ့သည့် ဖေဖော်ဝါရီလလယ်ပိုင်းထိ ကြက်သွန်နီတစ်ပိဿ အမြင့်ဆုံး ၁၅၀၀ ကျပ် ပေါက်ဈေးရှိခဲ့သည့်အတွက် တောင်သူများ သတ်မှတ်ချိန်မတိုင်မီ နုတ်သိမ်းရောင်းချ လာပြီး အရည်အသွေးပိုင်းဆိုင်ရာ လိုအပ်ချက်ကြောင့် ဝယ်လက်နည်းပါးသွားခြင်းဖြစ်ကြောင်း ကုန်သည်များ ထံမှသိရသည်။ “ပြီးခဲ့တဲ့ ရက်ပိုင်းက ဈေးကောင်းတော့ တောင်သူတွေက အချိန်မတိုင်ခင် နှုတ်ရောင်းကြတယ်။ အဲဒီမှာ ကြက်သွန်တွေကနုတော့ ဈေးကွက်သိပ်မဝင်ဘူး။ ဒီဖက်ကလည်း တင်ပို့တာများ အရည်အသွေးပိုင်းလည်းမမီဆိုတော့ အဓိက ဝယ်နေတဲ့ ဘင်္ဂလားဒေ့ရှ် လက်အဝယ်ရပ်သွားတယ်။ ရန်ကုန်တစ်ပေါက်တည်း ပို့ရတာဆိုတော့ ရန်ကုန်သမားလည်း မနိုင်ဖြစ်ပြီး ဈေးချဝယ်ရာကနေ နေ့စဉ်ဈေးကျလာတယ်။ လက်ရှိကတော့ တစ်ပိဿာ ကျပ် ၇၅၀ (လက်လီ) ဆိုတာ အမြင့်ဆုံးပဲ။ ဝယ်တဲ့သူတွေလည်း ထိန်းဝယ်ကြတယ်။ အဝယ်ဖက်ကတော့ အတော်အေးသွားတယ်” ဟု ပခုက္ကူမြို့မှ ကြက်သွန်ရောင်းဝယ်ရေးလုပ်ကိုင်သူ ကိုကျော်သန်းကဆိုသည်။

ယောချောင်းအနီး ကုန်းမြေများတွင်စိုက်ပျိုးသည့် ကြက်သွန်များနှုတ်သိမ်းနေပြီဖြစ်သည့်အတွက် ဈေးကွက်အတွင်း ကုန်ဝင်ရောက်မှုများပြားနေပြီး ပိဿာချိန်ရှစ်သောင်းခန့်ဝင်ရောက်သည့် ဖေဖော်ဝါရီ ၂၇ ရက် ဈေးကွက်တွင် ဂွန်ကြီး

တစ်ပိဿာ ၆၅၀ – ၇၅၀ ကျပ်၊ ဝှန်လတ်တစ်ပိဿာ ၆၀၀ – ၆၂၅ ကျပ်နှင့် ဝှန်သေးတစ်ပိဿာ ၄၀၀ – ၅၀၀ ကျပ် ပေါက်ဈေးရှိကြောင်းသိရသည်။ ကြက်သွန်ဈေးနှုန်း ဆက်တိုက်ကျဆင်းနေခြင်း၊ မကြာမီ ယောချောင်းဒေသထွက် ကြက်သွန်များ ထွက်ပေါ်လာနိုင်ခြင်းများကြောင့် ဈေးနှုန်းဆက်လက်ကျဆင်းမည်ကို တောင်သူများမှာ စိုးရိမ်မှုများရှိကြောင်းသိရသည်။ “လက်ရှိဈေးက တောင်သူတွေအတွက် မရှုံးသေးဘူးဆိုပေမဲ့ အမြတ်မရှိတော့ဘူး။ တချို့လည်း ဈေးကောင်းတော့ ဥချစလေးမှာ နှုတ်ရောင်းကြတာပေါ့။ ပျိုးဈေးမြင့်လို့ စိုက်စရိတ်လည်းမြင့်တယ်။ ဒီထက်ဈေးကျလာရင်တော့ တောင်သူက ဆုံးရှုံးမှုတွေရှိလာနိုင်တယ်။ မနှစ်ကလည်း နောက်စွဲစွဲမှ ဈေးကောင်းတာ။ တောင်သူတွေ အကျိုးအမြတ်သိပ်မရလိုက်ဘူး” ဟု ပေါက်မြို့နယ် အုန်းတောရွာမှ ကိုငွေးကဆိုသည်။

ပခုက္ကူကြက်သွန်ဈေးကွက်အတွင်း ပြီးခဲ့သည့် ၂၀၁၉ ခုနှစ် နှစ်ဦးပိုင်းမှ ဩဂုတ်လထိ ကြက်သွန်တစ်ပိဿာ ၇၀၀ ကျပ် အောက်ဖြင့်ရောင်းချခဲ့ရပြီး ဝယ်လက်များပြားလာသည့် ၂၀၁၉ နှစ်ကုန်ပိုင်းတွင် တစ်ပိဿာ ၂၃၀၀ ကျပ်ထိ ဈေးနှုန်းမြင့်တက်ခဲ့သည်။ ယောချောင်းတစ်ဝိုက် ကြက်သွန်စိုက်တောင်သူများမှာ ဈေးနှုန်းမြင့်တက်သည့် အချို့သောနှစ်များတွင် အကျိုးအမြတ်ခံစားရသော်လည်း အချိန်အခါမဲ့မိုးရွာသွန်းမှုကြောင့် စိုက်ခင်းများချောင်းရေနစ်မြုပ်ခြင်းနှင့် ဈေးနှုန်းအလွန်အမင်းကျဆင်းသည့် နှစ်များတွင် ဆုံးရှုံးမှုများပြားကြောင်းသိရသည်။

**Source:** https://news-eleven.com/article/161573

## ကိုရိုနာဗိုင်းရပ်စ်ကြောင့် အထည်ချုပ်လုပ်ငန်းများတွင် အလုပ်သမားများအတွက် အလုပ်ချိန်၊ အလုပ်ရက်လျှော့ချခြင်းနှင့် လစာပေးရန်အခက်အခဲရှိနေခြင်းများနှင့်ပတ်သက်၍ ဆွေးနွေးထားမှုများကို UMFCCI က ဦးဆောင်ပြီး အစိုးရထံတင်ပြမည်



ကိုရိုနာဗိုင်းရပ်စ်ကြောင့် ပြည်တွင်းအထည်ချုပ်လုပ်ငန်းများအနေဖြင့် အလုပ်သမားများအတွက် အလုပ်လုပ်ချိန်၊ အလုပ်ရက်များလျှော့ချခြင်းနှင့် လုပ်ခလစာပေးရန် အခက်အခဲများရှိနေခြင်းကို လုပ်ငန်းရှင်များ ဆွေးနွေးခဲ့ကြပြီး UMFCCI က ဦးဆောင်၍ အစိုးရ တာဝန်ရှိသူများထံ တင်ပြသွားမည်ဖြစ်ကြောင်း ကုန်သည် စက်မှုအသင်းချုပ် UMFCCI က ထုတ်ပြန်ထားသည်။

မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် UMFCCI နှင့် မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များ အသင်းများအသင်းချုပ်တို့ ပူးပေါင်း၍ တရုတ်နိုင်ငံတွင်ဖြစ်ပေါ်နေသော ကိုရိုနာဗိုင်းရပ်စ်ကြောင့် ကုန်ကြမ်းပြတ်လတ်မှုအန္တရာယ်မှ ကျော်လွှားနိုင်ရန်အတွက် ဆွေးနွေးပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၆ ရက်က UMFCCI တွင် ပြုလုပ်ခဲ့သည်။ ဆွေးနွေးပွဲတွင် UMFCCI ဥက္ကဋ္ဌ ဦး ဇော်မင်းဝင်း နှင့် အသင်းချုပ်မှတာဝန်ရှိသူများနှင့် မြန်မာနိုင်ငံအထည်ချုပ်အသင်းချုပ်ဥက္ကဋ္ဌ ဦးမြင့်စိုးတို့က ဦးဆောင်ဆွေးနွေးခဲ့ပြီး လတ်တလောအခြေအနေများကြောင့် ပြည်တွင်းတွင်လုပ်ကိုင်နေသော ပြည်တွင်းပြည်ပ လုပ်ငန်းရှင်များ၏ လုပ်ငန်းဆက်စပ် လည်ပတ်ရန်အခက်အခဲများ၊ အလုပ်သမားများအတွက် အလုပ်ချိန်နှင့် အလုပ်ရက်များ လျှော့ချခြင်းနှင့် လုပ်ခလစာပေးရန် အခက်အခဲများကို တင်ပြဆွေးနွေးခဲ့ကြပြီး ယင်းဆွေးနွေးပွဲမှ ဆွေးနွေးချက်များကို UMFCCI က ဦးဆောင်၍ အစိုးရတာဝန်ရှိသူများထံ ပြင်ဆင်တင်ပြသွားမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

လက်ရှိအချိန်တွင် တရုတ်နိုင်ငံ၌ စတင်ဖြစ်ပွားခဲ့သော ကိုရိုနာဗိုင်းရပ်စ်၏ အကျိုးဆက်ကြောင့် အထည်ချုပ်လုပ်ငန်းကဏ္ဍတွင် ကုန်ကြမ်းပစ္စည်းများပြတ်လတ်ခြင်း၊ ခရီးသွားလုပ်ငန်းကဏ္ဍတွင် ခရီးသွားဧည့်သည်များကျဆင်းခြင်းနှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်သည့် လုပ်ငန်းကဏ္ဍတွင် နယ်စပ်၌ ကုန်ပစ္စည်းတင်ပို့မှုများရပ်တန့်နေခြင်းစသည့်အခက်အခဲများကို ရင်ဆိုင်နေရသည်။ တရုတ်နိုင်ငံမှ ကုန်ကြမ်းအဓိကတင်သွင်းနေရသည့် ပြည်တွင်းအထည်ချုပ်လုပ်ငန်းများ မတ်လဆန်း အထိ

သာ ကုန်ကြမ်းရှိပြီး ဧပြီလကုန်အထိ ကုန်ကြမ်းမတင်သွင်းနိုင်ပါက လုပ်ငန်းများယာယီရပ်ဆိုင်းနိုင်ကြောင်း ဖေဖော်ဝါရီ ၂၁ ရက်က UMFCCI ရုံးချုပ်ရှိ မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်းရုံးတွင်ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲမှသိရသည်။

ပြည်တွင်းအထည်ချုပ်လုပ်ငန်းများသည် တရုတ်နိုင်ငံမှ အဓိကကုန်ကြမ်းတင်သွင်းနေခြင်းဖြစ်သည်။ လက်ရှိတရုတ်နိုင်ငံတွင်ဖြစ်နေသည့် ကိုရိုနာဗိုင်းရပ်စ်အခြေအနေများကြောင့် ကုန်ကြမ်းရရှိမှုမှာ လာမည့်ဧပြီလအထိ အခက်အခဲရှိနိုင်ကြောင်း သိရသည်။ ယင်းကဲ့သို့ ကုန်ကြမ်းများမရရှိပါက ပြည်တွင်းအထည်ချုပ်လုပ်ငန်းများမှာ ယာယီရပ်ဆိုင်းသွားရဖွယ်ရှိကြောင်း သိရသည်။ "သူတို့မှန်းတာတော့ ဧပြီလအကုန်အထိပေါ့။ ကိုရီးယားဘက်ကလည်းမှန်းတယ်။ တရုတ်လုပ်ငန်းရှင်ဘက်ကလည်းမှန်းတယ်။ ဒီလိုယာယီဖြစ်တဲ့ဟာမျိုးကို အခုလောလောဆယ်ဖြစ်တဲ့ အလုပ်ချိန်လျှော့ချခြင်း၊ အလုပ်လုပ်ရပ်လျော့ချခြင်းနဲ့ အဆင်ပြေလိမ့်မယ်လို့ အထည်ချုပ်လုပ်ငန်းရှင်များအသင်းက မျှော်လင့်ပါတယ်။ အဲလိုမပြေခဲ့ရင် လုပ်သားအင်အားလျှော့မယ်။ လုပ်သားအင်အားလျှော့လို့မှ ကိုရိုနာဗိုင်းရပ်စ်က ကာဗာမဖြစ်နိုင်သေးဘူး။ ကုန်ကြမ်းမရောက်လာသေးဘူးဆိုရင် ယာယီ ပိတ်ပါမယ်။ အပြီးပိတ်ဖို့တော့ မဖြစ်နိုင်ဘူးလို့ ပြောလို့ရပါတယ်"ဟု မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးမြင့်စိုးကပြောကြားသည်။

ဧပြီလ၌ တရုတ်နိုင်ငံဘက်မှ ကုန်ကြမ်းစတင်ထုတ်လုပ်နိုင်ခဲ့သည်ရှိသော်လည်း မြန်မာနိုင်ငံအနေဖြင့် တရုတ်နိုင်ငံမှ အထည်အလိပ်ကုန်ကြမ်းမှာယူတင်သွင်းနေသော အခြားနိုင်ငံများနှင့်ကုန်ကြမ်းရရှိရန် ယှဉ်ပြိုင်သွားရမည့် အခက်အခဲများရှိနေသေးကြောင်းသိရသည်။ ထို့ကြောင့် လာမည့်ဧပြီလအထိ နှစ်လအတွင်း ကုန်ကြမ်းမရရှိနိုင်သေးကြောင်း၊ မေလနှင့်ဇွန်လများတွင်လည်း ကုန်ကြမ်းရရှိရန်အတွက် စိန်ခေါ်မှုများရှိနေဦးမည်ဖြစ်ကြောင်းသိရသည်။

**Source:** https://news-eleven.com/article/161585

## ချင်းပြည်နယ်ထွက် စတော်ဘယ်ရီသီးများ အထွက်ကောင်းသော်လည်း အဖွင့်ဈေးနည်း

ချင်းပြည်နယ်ထွက် စတော်ဘယ်ရီသီးများ ယခုနှစ်တွင် အထွက်နှုန်းကောင်းသော်လည်း အဖွင့်ဈေးနည်းပါးနေခြင်းကြောင့် ဈေးကွက်ရှိရာဒေသများသို့ တင်ပို့ရောင်းချရန် စီစဉ်လျက်ရှိကြောင်းသိရသည်။ အဆိုပါထွက်ကုန်များကို မကွေးတိုင်းဒေသကြီး ပခုက္ကူနှင့်စစ်ကိုင်းတိုင်းဒေသကြီး ကလေး၊ မုံရွာမြို့များသို့ တင်ပို့ရောင်းချနိုင်ရန်စီစဉ်လျက်ရှိကြောင်း တီးတိန်မြို့နယ် သိုင်းငင်းကျေးရွာမှ စတော်ဘယ်ရီစိုက် တောင်သူ ဦးလှမောင်ကပြောသည်။ ချင်းပြည်နယ်ထွက် စတော်ဘယ်ရီမှာ နှစ်စဉ်ပုံမှန်အားဖြင့် ဇန်နဝါရီလကုန်ရက်တွင် ထွက်ရှိသော်လည်း ယခုနှစ်၌ မိုးနှောင်းကောင်းခဲ့ပြီး ဆောင်းဝင်နောက်ကျခဲ့သည့်အတွက် ဖေဖော်ဝါရီလဆန်းမှ စတင်ထွက်ရှိခဲ့ခြင်းဖြစ်ကြောင်းသိရသည်။ "ကျွန်တော်တို့ ချင်းပြည်နယ်စတော်ဘယ်ရီသီးက နှစ်တိုင်း ဇန်နဝါရီလကုန်ဆိုရင် လှိုင်လှိုင်ပေါ်ပါတယ်။ အခုနှစ်က နောက်မိုးကောင်းပြီး ဆောင်းဝင်နောက်ကျခဲ့တဲ့အတွက် အခု ဖေဖော်ဝါရီလကုန်ရက်မှ ပေါ်တာဖြစ်ပါတယ်။ ဒါပေမဲ့ အဖွင့်ဈေးပေးတာနည်းတဲ့အတွက် ကလေးမြို့ဈေးကွက်နဲ့ ပခုက္ကူ ပုဂံ၊ ညောင်ဦးဈေးကွက်ကို တင်ပို့နိုင်ဖို့ စီစဉ်တာမျိုးတွေရှိပါတယ်။ လတ်တလောမှာတော့ ချင်းပြည်နယ်မြို့တော် ဟားခါးဈေးကွက်မှာ အရောင်းအဝယ်ဖြစ်ပါတယ်။ တချို့က ခြံမှာအရောင်းအဝယ်ဖြစ်တာမျိုးလည်းရှိပါတယ်"ဟု ၎င်းက ပြောသည်။

ချင်းပြည်နယ်၌ စတော်ဘယ်ရီကို ထန်တလန်၊ ဟားခါး၊ တီးတိန်မြို့နယ်များတွင် စိုက်ပျိုးမှုများပြားပြီး နှစ်စဉ် ရောင်းဝယ်မှုပြုလုပ်ရာ၌ စတော်ဘယ်ရီခြံများတွင်သာ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်းသိရသည်။ လက်ရှိကာလတွင် အဖွင့်ဈေး နည်းပါးခြင်းကြောင့် ဈေးကွက်ရှိရာ ဟားခါးမြို့၊ ကလေး၊ ပခုက္ကူဒေသများသို့ တင်ပို့ရောင်းချမှုနည်းပါးကြောင်းသိရသည်။ စတော်ဘယ်ရီစိုက်ပျိုးမှုမှာ ချင်းပြည်နယ်၏ ရာသီဥတုနှင့်ကိုက်ညီသည့်အတွက် ယခုအခါ နေရာဒေသအနှံ့ တိုးချဲ့စိုက်ပျိုးမှု များလာပြီး အများဆုံးစိုက်ပျိုးမှု ရှိသည့် စတော်ဘယ်ရီမျိုးရင်းများမှာ ဟောင်ကောင် မျိုးရင်းနှင့် အိန္ဒိယမျိုးရင်းတို့ဖြစ်ကြောင်း သိရသည်။ "အခုကတော့ ချင်းတောင်ပေါ်မှာ စတော်ဘယ်ရီ စိုက်ဧက ၅၀၀ ကျော်လောက်ရှိမယ်လို့ဆိုရမှာပါ။ ထန်တလန်ဒေသမှာ စိုက်တယ်၊ ဟားခါး ချွန်ကျုံးဒေသမှာစိုက်တယ်။ ဟားခါးမြို့ဝန်းကျင်မှာလည်းစိုက်တယ်။ ဖလမ်းမြို့နယ်မှာ အနည်းအကျဉ်းစိုက်တယ်၊ တီးတိန်ဘက်မှာစိုက်တယ်။ စတော်ဘယ်ရီပေါ်ချိန်ကတော့ အကြမ်းအားဖြင့် ဇန်နဝါရီကနေ မတ်လအတွင်း လှိုင်လှိုင်ပေါ်ပါတယ်။ အခုရက်ပိုင်း စတော်ဘယ်ရီတစ်ပိဿာ ခြံဈေး ကျပ် ၅၀၀၀ ရှိပါတယ်။ ဟားခါးမှာ ကျပ် ၆၀၀၀၊ ကလေး၊ ပခုက္ကူဘက်မှာ ကျပ် ၈၀၀၀ လို့ကြားထားတယ်"ဟု စတော်ဘယ်ရီစိုက်တောင်သူ ဦးလှမောင်ကပြောသည်။

Source: https://myanmar.mmtimes.com/news/135947.html

## ကမ္ဘာ့ရွှေဈေးကျ ဒေါ်လာကျ မြန်မာ့ရွှေလည်းကျ

ဖေဖော်ဝါရီ ၂၈ ရက် မြန်မာ့ရွှေအဖွင့်ဈေးက အောင်သမာဓိရန်ကုန်ဈေး တစ်ကျပ်သားကို ကျပ် ၁၂၃၈၀၀၀ ၊ မန္တလေးဈေးကလည်း တစ်ကျပ်သားကို ကျပ် ၁၂၃၈၀၀၀ ဖြစ်ပါတယ်။ ဖေဖော်ဝါရီ ၂၇ ရက် မြန်မာ့ရွှေအဖွင့်ဈေးက အောင်သမာဓိရန်ကုန်ဈေး တစ်ကျပ်သားကို ကျပ် ၁၂၄၅၀၀၀ ၊ မန္တလေးဈေးကလည်း တစ်ကျပ်သားကို ကျပ် ၁၂၄၆၀၀၀ ဖြစ်ပါ တယ်။ ဖေဖော်ဝါရီ ၂၆ ရက် မြန်မာ့ရွှေအဖွင့်ဈေးက အောင်သမာဓိရန်ကုန်ဈေး တစ်ကျပ်သားကို ကျပ် ၁၂၄၃၅၀၀၊ မန္တလေးဈေးကလည်း တစ်ကျပ်သားကို ကျပ် ၁၂၄၄၀၀၀ ဖြစ်ပါတယ်။ ဖေဖော်ဝါရီ ၂၅ ရက် မြန်မာ့ရွှေအဖွင့်ဈေးက အောင်သမာဓိရန်ကုန်ဈေးတစ်ကျပ်သားကို ကျပ် ၁၂၅၂၀၀၀ ၊ မန္တလေးဈေးကလည်း တစ်ကျပ်သားကို ကျပ် ၁၂၅၁၀၀၀ ဖြစ်ပါတယ်။ ဖေဖော်ဝါရီ ၂၄ ရက် မြန်မာ့ရွှေအဖွင့်ဈေးက အောင်သမာဓိရန်ကုန်ဈေး တစ်ကျပ်သားကို ကျပ် ၁၂၅၆၀၀၀၊ မန္တလေးဈေးကလည်း တစ်ကျပ်သားကို ကျပ် ၁၂၅၆၀၀၀ ဖြစ်ပါတယ်။ ဖေဖော်ဝါရီ ၂၃ ရက် မြန်မာ့ရွှေအဖွင့်ဈေးက အောင်သမာဓိရန်ကုန်ဈေး တစ်ကျပ်သားကို ကျပ် ၁၂၄၈၀၀၀ ဖြစ်ပါတယ်။

ကမ္ဘာ့ရွှေဈေးကတော့ ဖေဖော်ဝါရီ ၂၈ ရက် တစ်အောင်စကို ၁၆၃၇ ဒေါ်လာဖြစ်ပါတယ် ။ ကမ္ဘာ့ရွှေဈေးကတော့ ဖေဖော်ဝါရီ ၂၇ ရက် တစ်အောင်စကို ၁၆၅၁ ဒေါ်လာဖြစ်ပါတယ်။ ဖေဖော်ဝါရီ ၂၆ ရက် တစ်အောင်စကို ၁၆၄၃ ဒေါ်လာဖြစ်ပါ တယ်။ ဖေဖော်ဝါရီ ၂၅ ရက် တစ်အောင်စကို ၁၆၅၆ ဒေါ်လာဖြစ်ပါတယ် ။ ဖေဖော်ဝါရီ ၂၄ ရက် တစ်အောင်စကို ၁၆၆၁ ဒေါ်လာဖြစ်ပါတယ် ။ ဖေဖော်ဝါရီ ၂၃ ရက် တစ်အောင်စကို ၁၆၄၄ ဒေါ်လာဖြစ်ပါတယ်။ ဖေဖော်ဝါရီ ၂၂ ရက် တစ်အောင်စကို ၁၆၄၂ ဒေါ်လာဖြစ်ပါတယ်။ ဖေဖော်ဝါရီ ၂၁ ရက် တစ်အောင်စကို ၁၆၂၆ ဒေါ်လာဖြစ်ပါတယ် ။ ဖေဖော်ဝါရီ ၂၀ရက်က တစ်အောင်စကို ၁၆၀၉ ဒေါ်လာ၊ ဖေဖော်ဝါရီ ၁၉ ရက်က တစ်အောင်စကို ၁၆၀၂ ဒေါ်လာ၊ ဖေဖော်ဝါရီ ၁၈ ရက် တစ်အောင်စကို ၁၅၈၇ ဒေါ်လာဖြစ်ပါတယ်။

Source: https://www.kumudranews.com/news-37338

## အီးယူရဲ့ ကုန်သွယ်ရေးတောင်းဆိုချက်တွေကို ဗြိတိန်ပယ်ချ

နှစ်ဖက်အပေးအယူမမျှခဲ့ရင် ဘရစ်ဇစ်နောက်ပိုင်း ကုန်သွယ်ရေးသဘောတူညီမှုက အီးယူရဲ့ စည်းမျဉ်းစည်းကမ်းတွေကို လိုက်နာလိမ့်မှာမဟုတ်ဘူးလို့ ဗြိတိန်နိုင်ငံက ကြာသပတေးနေ့မှာ သတိပေးပြောဆိုပါတယ်။ ဒါအပြင် ဥရောပသမဂ္ဂအီးယူမှ ဗြိတိန်နုတ်ထွက်မှု ဘရစ်ဇစ်နောက်ပိုင်း ကုန်သွယ်ရေးသဘောတူညီမှုဆီ ချဉ်းကပ်ရေးမှာ အီးယူနဲ့အပေးအယူမတည့်ဘူးဆိုရင် ဇွန်လမှာပြုလုပ်မယ့် ဆွေးနွေးပွဲတွေကိုလည်း ပယ်ဖျက်မှာဖြစ်တယ်လို့လည်း ခြိမ်းခြောက်ပြောဆိုပါတယ်။

စေ့စပ်ဆွေးနွေးမှုတွေဆီ ချဉ်းကပ်ဖော်ဆောင်နိုင်ဖို့ အီးယူဝန်ကြီးတွေရဲ့ ပူးတွဲမူကြမ်းထုတ်ပြန်ပြီး နှစ်ရက်မြောက်မှာ ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်အစိုးရက ၎င်းတို့ရဲ့အလျှော့မပေးတဲ့ ကိုယ်ပိုင်မူကြမ်းကို ထုတ်ပြန်လာတာပဲဖြစ်ပါတယ်။ ဒီဇင်ဘာ ၃၁ ရက် ဘရစ်ဇစ်အကူးအပြောင်းကာလ အပြီးမသတ်ခင် အချုပ်အခြာ သာတူညီမျှခြင်းနဲ့အတူ မိတ်ဖက်ဖြစ်တဲ့ ပူးပေါင်းဆောင်ရွက်မှုတွေကို အခြေခံတဲ့ဆက်ဆံရေးထူထောင်သွားဖို့ ဗြိတိန်ကဆန္ဒရှိနေတယ်လို့လည်း တရားဝင်စေ့စပ်ညှိနှိုင်းရေးအဖွဲ့က ထုတ်ပြန်ချက်မူကြမ်းမှာဖော်ပြထားပါတယ်။ ဒါပေမယ့် အဆိုပါမူကြမ်းထုတ်ပြန်ချက်မှာ 'အီးယူနဲ့ တစ်တန်းတည်းထားပြီး ဥပဒေတွေပြဌာန်းလိုက်နာမည်မဟုတ်သလို တရားစီရင်ရေးခုံရုံးလို အီးယူအဖွဲ့အစည်းတွေကို ဆက်လက်နာခံမှာမဟုတ်ကြောင်း' ကို ဖော်ပြထားပါတယ်။ ဒီမူကြမ်းထုတ်ပြန်ချက်မှာ အီးယူနဲ့ဗြိတိန်နှစ်ဖက်စလုံးဟာ ဇွန်လမကုန်ခင် သဘောတူညီချက်မူကြမ်းမဖော်ဆောင်နိုင်ခဲ့ဘူးဆိုရင် ဆွေးနွေးပွဲတွေကနေထွက်ခွာဖို့ ဆုံးဖြတ်ရမှာပဲဖြစ်တယ်လို့လည်း ဖော်ပြထားပါတယ်။

Source: http://www.mizzimaburmese.com/article/67608

## ထိုင်းစီးပွားရေးဘဏ်မှ GDP တိုးတက်မှုနှုန်း(၁%)အောက်ရောက်ရှိနိုင်ကြောင်းသတိပေး

ဗဟိုဘဏ်အကြီးတန်းအရာရှိတစ်ဦး၏ပြောကြားချက်အရ ထိုင်းစီးပွားရေးဘဏ်အနေဖြင့် ကိုရိုနာ ဗိုင်းရပ်စ်ဖြစ်ပွားမှုသည် တစ်နှစ်ပတ်လုံးဆက်လက်ဖြစ်ပွားမည်ဆိုပါက ၂၀၂၀ခုနှစ်တွင် စီးပွားရေးသည် (၁%) အောက်တွင်သာရှိနိုင်သည်ဟု ခန့်မှန်းထားကြောင်းပြောကြားခဲ့ပါသည်။ အကယ်၍ ဗိုင်းရပ်စ်သည် ဗဟိုဘဏ်၏ ခန့်မှန်းထားသည်ထက်ပို၍ တစ်နှစ်ပတ်လုံး ပျံ့နှံ့ဖြစ်ပွားမည်ဆိုပါက GDPတိုးတက်မှုနှုန်းသည် (၁%)အောက်တွင်သာရှိနိုင်ကြောင်း ငွေကြေးမူဝါဒအဖွဲ့၏ စီးပွားရေးနှင့် မူဝါဒရေးရာဦးစီးဌာန အကြီးတန်းညွှန်ကြားရေးမှူးDon Nakornthabကပြောကြားခဲ့ပါသည်။ ထိုင်းနိုင်ငံအနေဖြင့် နည်းပညာဆိုင်ရာ ကျဆင်းမှုသို့ ကျဆင်းသွားနိုင်ဖွယ်ရာရှိကြောင်း၊ ၎င်းသည် ဗိုင်းရပ်စ်ဖြစ်ပွားမှု မည်မျှကြာမြင့်မည်ဆိုသည့်အပေါ် မူတည်နေကြောင်း ဖြစ်နိုင်ချေအပေါ် မှတ်ချက်ပြုလျှက်ရှိနေကြပါသည်။ စီးပွားရေးကျဆင်းမှုဖြစ်ပေါ်နိုင်ကြောင်း၊ သို့ရာတွင် စီးပွားရေးဆိုင်ရာ အချက်အလက်များအပေါ် ပြည့်စုံစွာ စဉ်းစားသုံးသပ်ရန်လိုအပ်ကြောင်း Mr. Don က ပြောကြားခဲ့ပါသည်။

ထိုင်းဘဏ်အနေဖြင့် ယခုနှစ်(၃)လအတွင်း စီးပွားရေးကျဆင်းမည်ဟုမျှော်လင့်ကြောင်း၊ ဗိုင်းရပ်စ်ပျံ့နှံ့မှုအနေဖြင့် ရပ်တန့်ခြင်းမပြုမီ လာမည့်လအနည်းငယ်အတွင်း ဆက်လက်ဖြစ်ပွားမည်ဟု ၎င်းကပြောကြားခဲ့ပါသည်။ နိုင်ငံခြားခရီးသွားဝင်ရောက်မှုသည် ယခင်နှစ်ကထက် (၄၅%) ကျဆင်းခဲ့သဖြင့် စီးပွားရေးတိုးတက်မှုသည် ဖေဖော်ဝါရီလတွင် သိသိသာသာ ကျဆင်းသွားလိမ့်မည်ဖြစ်ပါသည်။ ခရီးသွားကဏ္ဍအနေဖြင့် ၂၀၁၉ခုနှစ်တွင်GDP ၏ (၁၁.၁%)ရှိပြီး မကြာသေးမီနှစ်များအတွင်းက စီးပွားရေးတိုးတက်မှု၏ မောင်းနှင်အားအင်ဂျင်ဖြစ်ခဲ့သော ခရီးသွားကဏ္ဍမှာ ဗိုင်းရပ်စ်ကူးစက်မှု၏ဒါဏ်ကို ဆိုးရွားစွာခံနေရပါသည်။

Mr.Donက ထိုင်းနိုင်ငံတွင် ဗိုင်းရပ်ဖြစ်ပွားမှုသည်တတိယအဆင့်သို့ရောက်ရှိနိုင်သော်လည်း ယခုအခါ ဒုတိယအဆင့်တွင် ရောဂါကူးစက်မှုကို ထိန်းချုပ်စီမံခန့်ခွဲနိုင်ခဲ့ခြင်းကြောင့် ၎င်း၏အကျိုးသက်ရောက်မှုမှာ စိုးရိမ်စရာမရှိကြောင်း ပြောကြားခဲ့ပါသည်။ ယခင်နှစ် ဒီဇင်ဘာလက ဗဟိုဘဏ်သည် ၂၀၂၀ခုနှစ်တွင် စီးပွားရေးတိုးတက်မှု အလားအလာကို (၃.၃%)မှ(၂.၈%)သို့လျှော့ချခဲ့ပြီး ၎င်း၏ခန့်မှန်းချက်အားမတ်လ(၂၅)ရက်နေ့တွင် ပြန်လည်သုံးသပ်ရန်စီစဉ်ထားပါသည်။ ရောဂါဖြစ်ပွားမှု၏ ဗဟိုချက်မှာ တရုတ်နိုင်ငံဖြစ်ကြောင်း၊ ၎င်းမှ ကူးစက်ပျံ့နှံ့မှု စတင်ခဲ့ကြောင်း၊ ၎င်း၏စီးပွားရေးဒေသတစ်ချို့မှာ မြင့်တက်နေခဲ့ကြောင်း၊ သို့ရာတွင် တရုတ်ပြည် အပြင်ဖက်တွင် ကူးစက်မှုများလာကြောင်းပြောကြားခဲ့ပါသည်။ ဇန်နဝါရီလတွင် ခရီးသွားဝင်ရောက်မှုမှာ ယခင်လနှင့် နှိုင်းယှဉ်လျှင် (၂.၅%) တိုးတက်ခဲ့ကြောင်း၊ အဓိကအားဖြင့် မလေးရှား၊ ရုရှား၊ ဟောင်ကောင်စသည်တို့မှ နှစ်သစ်တွင် ဝင်ရောက်မှုတိုးတက်ခဲ့ခြင်းဖြစ်ပါသည်။ ဇန်နဝါရီလတွင် ခရီးသွားဝင်ရောက်မှုမှာစုစုပေါင်း (၃.၈)သန်းရှိခဲ့ပါသည်။ ဇန်နဝါရီလက တရုတ်ခရီးသွား(၉၀%) ကျဆင်းခဲ့ကြောင်း ၊ တရုတ်အစိုးရအနေဖြင့် ကပ်ရောဂါဖြစ်ပွားမှုနှင့်အလုပ်လက်မဲ့များပြားလာမှုကြောင့် အလုပ်သမားဈေးကွက်ထိခိုက်မှုကိုထိန်းချုပ်ရန် ကြိုးပမ်းသည့်အနေဖြင့်ပြင်ပသို့ထွက်သည့် အုပ်စုလိုက်ခရီးသွားများကို တားမြစ်ခဲ့ခြင်းတို့ကြောင့်ဖြစ်ပါသည်။

ပထမလတွင်ထိုင်းနိုင်ငံ၏စီးပွားရေးမှာ နှေးကွေးသောလမ်းကြောင်းတွင်ဆက်လက်တည်ရှိနေပါသည်။ ရွှေမှလွဲ၍ ပို့ကုန်ကုန်ပစ္စည်းတင်ပို့မှုမှာ ယခင်လက(၀.၉%) ကျဆင်းခဲ့ရပြီးနောက် ယခုလတွင် (၁.၃%) ကျဆင်းခဲ့ပါသည်။ သို့ရာတွင် ထိုင်းနိုင်ငံအနေဖြင့် ဇန်နဝါရီလတွင် ရွှေအပါအဝင်ပို့ကုန်တင်ပို့မှု (၃.၅%)တိုးတက်မှုရှိခဲ့သော အာဆီယံ၏ တစ်ခုတည်းသောနိုင်ငံဖြစ်ပါသည်။ ကုန်ထုတ်လုပ်မှု၊ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုနှင့် ပြည်သူ့အသုံးစရိတ်များသည်ပြီးခဲ့သည့်လက ကျဆင်းခဲ့ပါသည်။ ပုဂ္ဂလိကစားသုံးမှုသည် နှေးကွေးသောနှုန်းဖြင့်တိုးတက်ခဲ့ပြီး လယ်ယာဝင်ငွေမှာမြင့်တက်ခဲ့ပါသည်။ ကိုရိုနာဗိုင်းရပ်စ်ရောဂါဖြစ်ပွားမှုအပြင် မိုးခေါင်မှုအခြေအနေများနှင့် ၂၀၂၀ ဘတ်ဂျက်ခွဲဝေမှု နှောင့်နှေးမှုအခြေအနေများကိုလည်း စောင့်ကြည့်လျှက်ရှိကြောင်းMr.Don ကပြောကြားခဲ့ပါသည်။ မိုးခေါင်မှုမှာလည်းဆိုးဝါးကြောင်း၊ မိုးရွာသွန်းမှုနည်းပါးခြင်းကြောင့် ဆည်မြောင်းရေကာတာများ တွင်ရေခမ်းခြောက်မှုအကျပ်အတည်းနှင့်ရင်ဆိုင်နေရပါသည်။ ၂၀၂၀ခုနှစ်ဘတ်ဂျက်ဥပဒေပြဋ္ဌာန်းလိုက်ခြင်းသည် ယခုနှစ်ဒုတိယ(၃)လပတ်တွင် ဘတ်ဂျက်ငွေပေးချေမှုကိုပြုလုပ်ရန် မျှော်လင့်ထားသဖြင့် ပြည်တွင်းသုံးစွဲမှုကို အထောက်အကူဖြစ်စေမည်ဖြစ်ပါသည်။

**Source: Bangk Post**

စီးပွားရေးသံမှူး- မြန်မာသံရုံး၊ ဗန်ကောက်မြို့

## စုပေါင်းရင်းနှီးမြှုပ်နှံမှုရန်ပုံငွေ အစီအစဉ်သစ်တွင် ဟောင်ကောင်ဒေါ်လာ ၂၂ ဘီလီယံ ရင်းနှီးမြှုပ်နှံသွားမည်ဖြစ်ခြင်း

ဟောင်ကောင်အထူးအုပ်ချုပ်ရေးဒေသအစိုးရသည် ဒေသတွင်းဖြစ်ပေါ်နေသည့် စီးပွားရေးနှေးကွေးမှုများကိုကုစားရန် စုပေါင်းရင်းနှီးမြှုပ်နှံမှု ရန်ပုံငွေအစီအစဉ်သစ်တွင် ဟောင်ကောင် ဒေါ်လာ ၂၂ ဘီလီယံ ရင်းနှီးမြှုပ်နှံသွားမည်ဖြစ်ကြောင်း၊ နောင်လာမည့် ၄ နှစ်အတွင်းဟောင်ကောင် ဒေသ၏ စီးပွားရေးဆြောင်ရွက်မှုမှာ နှေးကွေးနေမည်ဖြစ်ကြောင်း၊ ဟောင်ကောင်၏

Growth Portfolio ၌ ဘဏ္ဍာငွေများ ရင်းနှီးမြှုပ်နှံမည်ဖြစ်ပြီး ရန်ပုံငွေ မန်နေဂျာများမှ ကုမ္ပဏီများ၊ စီမံကိန်းများနှင့် ဟောင်ကောင်ဒေသ၏ ရေရှည်လုပ်ကိုင်ရသည့်လုပ်ငန်းနှင့် ဆက်စပ်နေသည့်စီမံကိန်းများတွင် ရင်းနှီးမြှုပ်နှံသွားမည်ဖြစ်ကြောင်း၊ အဆိုပါအစီအစဉ်မှာ စင်ကာပူနိုင်ငံ အစိုးရကထူထောင်ထားသော ရန်ပုံငွေအစီအစဉ်ဖြစ်သည့် Temasek နှင့်ဆင်တူပါကြောင်း၊ ၂၆-၂-၂၀၂၀ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် စတုတ္ထအကြိမ်မြောက် ဘဏ္ဍာရေး စီမံချက် ရှင်းလင်းပွဲတွင် ဟောင်ကောင်ဘဏ္ဍာရေးဝန်ကြီး Mr. Paul Chan Mo-po က မိန့်ခွန်းပြောကြားခဲ့ရာတွင် ပြင်ပမှရိုက်ခတ်သည့် အကြောင်းအရာများကြောင့် စီးပွားရေးတွင် မသေချာမရေရာမှုများရှိနေသော်လည်း ၂၀၂၁- ၂၀၂၂ ဘဏ္ဍာရေးနှစ်မှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အထိ ဂျီဒီပီတိုးတက်မှုနှုန်းမှာ နှစ်စဉ်ပျမ်းမျှ ၂.၈ ရာခိုင်နှုန်း ရှိနိုင်ကြောင်း၊ အဆိုပါ တိုးတက်မှုနှုန်းမှာ ယခင် ဆယ်ရာနှစ် (၁) စုအတွင်း တိုးတက်ခဲ့မှုနှုန်း ၂.၉ ရာခိုင်နှုန်းအောက်နိမ့်ကျပါကြောင်း၊ ၂၀၂၀ ပြည့်နှစ်အတွင်းတွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှုကြောင့် ဟောင်ကောင်ဒေသ၏ စီးပွားရေးလုပ်ငန်းများအပေါ် ပြင်းထန်စွာထိခိုက်လျှက်ရှိကြောင်း၊ သို့ဖြစ်၍ ယခုရန်ပုံငွေ အစီအစဉ်အသစ်၏ ဟောင်ကောင်ဒေါ်လာ ၂၂၄.၅ ဘီလီယံ၏ ၂၀ ရာခိုင်နှုန်းကို ဟောင်ကောင် စီးပွားရေး လုပ်ငန်းခေါင်းဆောင်များ ၏ အကြံပြုချက်အပေါ် အခြေခံ၍သုံးစွဲသွားမည်ဖြစ်ကြောင်း၊ အဆိုပါရန်ပုံငွေသည် အိမ်ခြံမြေ ရင်းနှီးမြှုပ်နှံမှုကုမ္ပဏီများနှင့် စီမံကိန်းများတွင်အသုံးပြုခြင်းအပေါ် အားပေးမည်မဟုတ်ကြောင်း၊ ဝင်ငွေပြန်လည်ရရှိမှု မြင့်မားသည့် ဆန်းသစ်တီထွင်မှုများနှင့် နည်းပညာဆိုင်ရာကုမ္ပဏီများ၊ စီမံကိန်းများတွင် ရင်းနှီးမြှုပ်နှံသွားမည်ဖြစ်ကြောင်း၊ ရန်ပုံငွေရင်းနှီးမြှုပ်နှံမှုအသစ်မှာ ရေရှည်ရင်းနှီးမြှုပ်နှံမှု နည်းဗျူဟာဖြစ်ပြီး (၅) နှစ်မှ (၇) နှစ်အတွင်း ကြာမြင့်မည်ဖြစ်ကြောင်း၊ ဘဏ္ဍာရေးကဏ္ဍသည် ဟောင်ကောင်၏ မဏ္ဍိုင်ကြီး (၄) ခုတွင် တစ်ခုဖြစ်ကြောင်း၊ နောင်လာမည့် (၅) နှစ် အတွင်း သဘာပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်ဆက်စပ်သည့် စီမံကိန်းများအတွက် ဟောင်ကောင် ဒေါ်လာ (၆၆) ဘီလီယံရှိသည့် Green Bond ထုတ်ပေးသွားမည်ဖြစ်ကြောင်း၊ လက်လီလုပ်ငန်းများနှင့် ဆက်စပ်နေသည့်လုပ်ငန်းများအတွက် အနည်းဆုံး ဟောင်ကောင်ဒေါ်လာ (၁၃) ဘီလီယံရှိ i Bonds နှင့် silver bonds များထုတ်ပေးသွားမည်ဖြစ်ကြောင်း၊ private equity fund ၏ စီးပွားရေးစနစ်များတိုးတက်ရန် အခွန်ကောက်ခံမှုလျှော့ချရန် လည်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နည်းပညာဖွံ့ဖြိုးတိုးတက်ရန် ဟောင်ကောင်ဒေသ၏ Pak Shek Kok ရှိ Hong Kong Science Park နည်းပညာဥယျာဉ်တွင် ဟောင်ကောင်ဒေါ်လာ (၃) ဘီလီယံ အသုံးပြုသွားမည်ဖြစ်ကြောင်း၊ ဟောင်ကောင်အစိုးရသည် နည်းပညာတိုးတက်ရန် အစီအစဉ်အတွက် ရန်ပုံငွေအချိုးအား ၂/၃ မှ ၃/၄ ပုံသို့ တိုးမြှင့်သွားမည်ဖြစ်ပြီး ဟောင်ကောင်ဒေါ်လာ ၄၀၀,၀၀၀ မှ ၆၀၀,၀၀၀ သို့ မြှင့်တင်သွားမည်ဖြစ်ကြောင်း ရေးသားဖော်ပြထားပါသည်။

**Source:** စီးပွားရေးသံမှူး- မြန်မာသံရုံး၊ ဟောင်ကောင်

## စီးပွားရေးလုပ်ငန်းများ ကျဆင်းလာမှုကြောင့် ပံ့ပိုးမှုများပေးရန်အခြေအနေသို့ ရောက်ရှိလာခြင်းနှင့် အလုပ်အကိုင်များ ဆက်လက်ထိန်းသိမ်းထားနိုင်ရန် ဘီလီယံချီ၍ ထောက်ပံ့သွားမည်ဖြစ်ခြင်း

ဟောင်ကောင်အထူးအုပ်ချုပ်ရေးဒေသအစိုးရမှ ဟောင်ကောင် စီးပွားရေးလုပ်ငန်းများ အတွက် ဟောင်ကောင်ဒေါ်လာ ၁၈.၃ ဘီလီယံ ချေးငွေပေးမည့် အစီအစဉ် ဆောင်ရွက်ထား ကြောင်း၊ ၂၆-၂-၂၀၂၀ ရက်နေ့တွင်ကျင်းပပြုလုပ်သည့် စတုတ္ထအကြိမ်မြောက်ဘဏ္ဍာရေးစီမံချက်ရှင်းလင်းပွဲတွင် အလုပ်သမား (၃) သန်းကျော်၏ အလုပ်အကိုင်များ ဆက်လက်ထိန်းသိမ်းနိုင်ရန်နှင့် ကုမ္ပဏီများအတွက် ငွေရေးကြေးရေးဆိုင်ရာ ဝန်ထုပ်ဝန်ပိုးများလျော့နည်းစေရန် ရည်ရွယ်၍ ကူညီသွားမည်ဖြစ်ကြောင်း ဟောင်ကောင် ဘဏ္ဍာရေးဝန်ကြီး Mr. Paul Chan Mo-po က ပြောကြားခဲ့ကြောင်း၊ ယခုနှစ်အတွင်း အလုပ်လက်မဲ့နှုန်းမှာ (၄) ရာခိုင်နှုန်းမှ (၅) ရာခိုင်နှုန်း အထိ မြင့်တက်လာကြောင်း၊ ဟောင်ကောင်ဒေသရှိ ဆောက်လုပ်ရေးကဏ္ဍ၌ ဟောင်ကောင်ဒေါ်လာ (၂၀၀) မီလီယံခန့်လိုအပ်နေကြောင်း၊ အလုပ်အကိုင်များဆက်လက်ထိန်းသိမ်းရန် ဟောင်ကောင်ဒေါ်လာ ၂.၇ ဘီလီယံထုတ်ချေးပေးရန် လျာထားကြောင်း၊ ဟောင်ကောင်ဒေသရှိဆောက်လုပ်ရေးလုပ်ငန်းများတွင် မကြာမီလများက စတင်၍ ဆောက်လုပ်ရေး အလုပ်သမား ၅၀,၀၀၀ ခန့်မှာ အလုပ်အကိုင်များ ဆုံးရှုံးလျှက်ရှိကြောင်း၊ ခရီးသွားလုပ်ငန်းနှင့် ပြည်သူလူထု၏စားသုံးမှုနှုန်းအပေါ်တွင် ၂၀၁၉ ခုနှစ်၊ ဇွန်လက စတင်ဖြစ်ပွားခဲ့သည့် အစိုးရဆန့်ကျင်ဆန္ဒပြမှုဖြစ်ပွားစဉ်ကတည်းက ပြင်းထန်စွာရိုက်ခတ်မှုများဖြစ်ပွားခဲ့ကြောင်း၊ ဟောင်ကောင်ခရီးသွားလုပ်ငန်းအဖွဲ့အနေဖြင့် ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှု

ပြီးဆုံးပါကလုပ်ငန်း ပြန်လည်စတင်နိုင်ရန် ဟောင်ကောင်ဒေါ်လာ (၇၀၀) မီလီယံကျော်အား ရန်ပုံငွေခွဲဝေထားကြောင်း၊ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းတစ်ခုချင်းစီအတွက် ဟောင်ကောင် ဒေါ်လာ ၂ မီလီယံအထက် အစိုးရမှ အာမခံ ချေးငှားပေးသွားမည်ဖြစ်ကြောင်း၊ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများအတွက် အစိုးရမှချေးပေးမည့် အစီအစဉ်တွင် စုစုပေါင်း ဟောင်ကောင်ဒေါ်လာ (၂၀) ဘီလီယံ ထုတ်ချေးပေးမည်ဖြစ်ကြောင်း၊ စီးပွားရေးလုပ်ငန်းများအနေဖြင့် လုပ်ငန်းများစတင်လည်ပတ်ဆောင်ရွက်မှု အနည်းဆုံး (၃) လကြာဆောင်ရွက်ထားရှိရမည်ဖြစ်ပြီး ၎င်းတို့၏လုပ်ငန်းမှာ ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလမှ စတင်၍ (၃၀) ရာခိုင်နှုန်း ဝင်ငွေလျော့ကျသည်ကို ပြသနိုင်ရမည်ဖြစ်ကြောင်း၊ လုပ်ငန်းတစ်ခုချင်းစီ အနေဖြင့်လစာနှင့် အဆောက်အဦငှားရမ်းခအတွက် ဟောင်ကောင် ဒေါ်လာ (၂) မီလီယံအား (၆) လကြာ ချေးငှားနိုင်မည်ဖြစ်ကြောင်း၊ ကာလအကြာရှည်ဆုံး ချေးငှား ပေးမှုမှာ (၃) နှစ်ဖြစ်ကြောင်း၊ ဟောင်ကောင်ဘဏ်များဖြစ်သည့် HSBC ၊ Hang Seng နှင့် Standard Chartered ဘဏ်များမှ ကူညီပံ့ပိုးပေးမည်ဖြစ်ကြောင်း၊ အသေးစားနှင့်အလတ်စားလုပ်ငန်းတစ်ခုချင်းစီအတွက် ဟောင်ကောင်ဒေါ်လာ (၂) မီလီယံပံ့ပိုးပေးမှုမှာ လအနည်းအငယ်အတွက်သာ အထောက်အပံ့ဖြစ်နိုင်ကြောင်း၊ စားသောက်ဆိုင် (၁၂) ဆိုင်ဖွင့်လှစ်ထားသူများအတွက် (၂) လခန့်သာ လုပ်ငန်းလည်ပတ်နိုင်ရန် အထောက်အကူဖြစ်နိုင်ကြောင်း၊ အသေးစားလုပ်ငန်းများအနေဖြင့် အဆိုပါ ပံ့ပိုးပေးမှုပမာဏမှာ လုံလောက်မှုမရှိသောကြောင့် ချေးငွေများပိုမိုရရှိရန် လိုအပ်ကြောင်း ရေးသားဖော်ပြထားပါသည်။

**Source:** စီးပွားရေးသံမှူး- မြန်မာသံရုံး၊ ဟောင်ကောင်

## STOCK EXCHANGE (28.2.2020)

YANGON
STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 28th Feb. 2020

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 11,500 | +0 | +0.00% | 11,500 | 11,500 | 11,500 | 5,084 | 58,466,000 | 27,112,747 | 311,797 |
| MTSH | 00002 | 4,000 | +50 | +1.27% | 3,950 | 4,000 | 3,950 | 1,513 | 6,002,000 | 38,929,150 | 155,717 |
| MCB | 00003 | 8,200 | +0 | +0.00% | 8,400 | 8,400 | 8,200 | 10 | 83,800 | 10,400,986 | 85,288 |
| FPB | 00004 | 22,500 | -500 | -2.17% | 22,500 | 22,500 | 22,500 | 90 | 2,025,000 | 2,472,053 | 55,621 |
| TMH | 00005 | 2,900 | +0 | +0.00% | 2,900 | 2,900 | 2,900 | 0 | 0 | 12,823,224 | 37,187 |

### Market summary

As of 28th Feb. 2020

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 471.48 | +0.52 | +0.11% | 472.48 | 472.48 | 471.48 | 6,697 | 66,576,800 | 5 | 645,610 |

**Index chart**



## Market Overview

As of 1:00 pm, 28th Feb. 2020

| MYANPIX | 471.48 ▲ 0.52 |
|---|---|
| Total Volume (shares) | 6,697 |
| Total Value (MMK) | 67 mil |
| Listed Company | 5 |
| Market Cap. (MMK) | 645,610 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 11,500 | ▲ 0 |
| MTSH | 00002 | 4,000 | ▲ 50 |
| MCB | 00003 | 8,200 | ▲ 0 |
| FPB | 00004 | 22,500 | ▼ 500 |
| TMH | 00005 | 2,900 | ▲ 0 |

TIR